# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၆၄) နှစ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားသည့် မိန့်ခွန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သည် စက်တင်ဘာ ၂၈ ရက်တွင် (၆၄)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ အထွေထွေ မူဝါဒရေးရာ မိန့်ခွန်း တစ်ရပ်ကို ပြောကြားခဲ့သည်။ အဆိုပါ အထွေထွေ မူဝါဒရေးရာ မိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်

**သဘာပတိကြီးခင်ဗျား -**

(၆၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံရဲ့ သဘာပတိ အဖြစ် အဆွေတော်အား ထိုက်ထိုက် တန်တန် အရွေးချယ် ခံရတဲ့ အတွက် လှိုက်လှဲ ဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြု အပ်ပါတယ်။

(၆၃) ကြိမ်မြောက် အထွေထွေ ညီလာခံကို ထက်ထက်မြက်မြက် ဦးဆောင်ခဲ့တဲ့ သဘာပတိ မစ္စတာ မီဂွဲလ် ဒက်စကိုတို ဘရော့က်မင်း ကိုလည်း အထူးလေးစား ဂုဏ်ပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား -**

ပြီးခဲ့တဲ့ နှစ်က စတင်ခဲ့တဲ့ ဘဏ္ဍာရေးနဲ့ စီးပွားရေး အကျပ်အတည်းဟာ ပြန်လည် နာလန်ထူစပြုတဲ့ အရိပ် လက္ခဏာများ ပြနေပါတယ်။ ဒါပေမယ့် နိုင်ငံကြီးငယ် အများအပြားဟာ ပြင်းထန်တဲ့ စိန်ခေါ်မှုများကို ရင်ဆိုင် နေရဆဲ ဖြစ်ပါတယ်။ ဒီ အကျပ်အတည်းဟာ ဖွံ့ဖြိုးပြီး နိုင်ငံများက စတင်ခဲ့တာ ဖြစ်ပေမယ့် အထိအနာဆုံး နိုင်ငံများ ကတော့ ဖွံ့ဖြိုးဆဲ နိုင်ငံများ ဖြစ်ပါတယ်။ စီးပွားရေး နာလန်ထစ အခြေအနေဟာ ဝင်ငွေနည်းတဲ့ နိုင်ငံများကို ထိရောက်စွာ ဆွဲတင် ပေးနိုင်ဖို့ လိုအပ်လျက်ပင် ရှိပါတယ်။

**အကူအညီ**

ဖွံ့ဖြိုးပြီး နိုင်ငံများက ဘဏ္ဍာရေးနဲ့ စီးပွားရေး အကျပ်အတည်းကို ဦးဆောင်ဖြေရှင်း နေတာကို ထောက်ခံ ပါတယ်။ ဒီလို ဖြေရှင်းကြရာမှာ ဖွံ့ဖြိုးဆဲ နိုင်ငံများရဲ့ သဘောထား အမြင်နဲ့ လိုအပ်ချက်များ ကိုလည်း G-8 နဲ့ G-20 နိုင်ငံများရဲ့ သဘော ဆန္ဒများနဲ့အတူ ထည့်သွင်း စဉ်းစားစေလို ပါတယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံများရဲ့ စီးပွားရေး တိုးတက်မှု များကို ထိခိုက်စေမယ့် ဆုံးဖြတ်ချက်များကို ရှောင်ရှားရ ပါမယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံများဟာ ဆင်းရဲ နွမ်းပါးမှု တိုက်ဖျက်ရေးနဲ့ စီးပွားရေး အခြေခံကောင်းတွေ ရရှိစေဖို့ နှစ်ပေါင်းများစွာ ကြိုးစားထား ရတာ ဖြစ်ပါတယ်။

ဝင်ငွေနည်းတဲ့ နိုင်ငံများဟာ ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ကြုံတွေ့ရတဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ဖို့ဆိုရင် လက်ရှိရရှိနေတဲ့ တရားဝင်ဖွံ့ဖြိုးတိုးတက်မှု အကူအညီများ ဒီထက်ပိုပြီး ရရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးပြီး နိုင်ငံများက ဖွံ့ဖြိုးဆဲ နိုင်ငံများကို ဖွံ့ဖြိုးတိုးတက်မှု အကူအညီများ တိုးတက်ပေးဖို့ လိုပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးနဲ့ စီးပွားရေးအကျပ်အတည်းကို ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ အခြားဖွံ့ဖြိုးဆဲနိုင်ငံများကို တရုတ်နိုင်ငံက ကူညီထောက်ပံ့မှု တိုးမြှင့်ပေးမယ်ဟု သမ္မတဟူကျင်တောင်းက ဒီညီလာခံမှာ ထပ်လောင်း အတည်ပြု ပြောကြားခဲ့တာကို ကျွန်တော်တို့ ကြိုဆိုပါတယ်။

## သဘာဝဘေးအန္တရာယ်များ-

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဟာ ကျွန်တော်တို့ ကမ္ဘာဂြိုဟ်အတွက် အဓိကရင်ဆိုင် နေရတဲ့ အဆိုးရွားဆုံး စိန်ခေါ်မှု ဖြစ်ပါတယ်။ ရာသီဥတု ပြောင်းလဲမှုရဲ့ အကျိုးဆက်များကို ဘယ်နိုင်ငံမှ မရှောင်လွှဲနိုင်ပါဘူး။ ရာသီဥတု ပြောင်းလဲမှုရဲ့ လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ ကျယ်ပြန့်လာတဲ့ အတိုင်းအတာကြောင့် ကမ္ဘာ့ အသိုက်အဝန်း က အရေးတကြီးနဲ့ ထိရောက်စွာ တုံ့ပြန်ကြဖို့ လိုအပ်ပါတယ်။ ပြီးခဲ့တဲ့ အပတ်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးဆောင်ကျင်းပတဲ့ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးက ဒီပြဿနာရဲ့ အတိုင်းအတာနဲ့ ကျွန်တော်တို့ ဆတက်ထမ်းပိုး တိုးပြီး ကြိုးပမ်းဆောင်ရွက်ဖို့ လိုအပ်ကြောင်းတို့ကို ထောက်ပြခဲ့ပါတယ်။

## ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့ဟာ ဒီဇင်ဘာလမှာ ကျင်းပမယ့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကိုပင်ဟေဂင် ထိပ်သီး ညီလာခံကို မျှော်လင့်လျက် ရှိပါတယ်။ ဆွေးနွေး ညှိနှိုင်းမှု တွေဟာ အကျိုးရှိပြီး ကျိုတို နောက်ဆက်တွဲ စာချုပ်ရဲ့ ပထမ ကတိကဝတ် ကာလ ကုန်ဆုံးတဲ့ ၂၀၁၂ခုနှစ်မှာ စတင်မယ့် မှန်လုံအိမ်အာနိသင်ရှိတဲ့ ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်း ကို ထိန်းချုပ်မယ့် သဘောတူညီချက် အသစ်ရရှိမယ်လို့ မျှော်လင့်ပါတယ်။ ဘယ်လို သဘော တူညီချက် ဖြစ်စေ ထိရောက်မှု ရှိဖို့အတွက် ကမ္ဘာ အားလုံးအတွက် ဘက်စုံခြုံငုံပြီး ပူးပေါင်း ဆောင်ရွက်ကြရ ပါမယ်။ "အားလုံးမှာ တာဝန် ရှိကြသော်လည်း ကွဲပြား ခြားနားသော တာဝန်ယူမှု ရှိတဲ့မူ" နဲ့ ကိုက်ညီရပါမယ်။

အထက်ပါ ဘဏ္ဍာရေးနဲ့ စီးပွားရေး အကျပ်အတည်းနဲ့ ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ အကျပ်အတည်း နှစ်ခုဟာ နှစ်အနည်းငယ် အတွင်းမှာ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ပြဿနာများ အပေါ် ထပ်ဆောင်းပြီး ဖိစီး နေပါတယ်။ အဲဒီ ပြဿနာတွေမှာ စားနပ်ရိက္ခာ ဈေးကြီးမှု၊ လောင်စာ စွမ်းအင်ဈေးနှုန်း မတည်ငြိမ်မှု၊ ကပ်ရောဂါများ ကူးစက်ပျံ့နှံ့မှု စသည်တို့လည်း ပါဝင်ပါတယ်။ ဒီပြဿနာ များကို ဘယ်နိုင်ငံမှ တစ်နိုင်ငံတည်း ဆောင်ရွက် ကျော်လွှားနိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်ဖို့ ကမ္ဘာ့ နိုင်ငံ အားလုံး အတူ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မိမိတို့ ကမ္ဘာအတွက် စိုးရိမ် ပူပန်ဖွယ်ရာ ဖြစ်နေတဲ့ ဒီ အချိန်အခါမှာ နိုင်ငံစုံ ပါဝင်တဲ့ စုပေါင်း ဆောင်ရွက်မှုဟာ ဘယ်အခါကနဲ့မှ မတူအောင် အရေးပါနေပြီ ဖြစ်ပါတယ်။ ဘာသာရေးနဲ့ ယဉ်ကျေးမှု နောက်ခံ ကွဲပြားခြားနားတဲ့ နိုင်ငံများ အကြား တွေ့ဆုံ ဆွေးနွေးမှုများဟာ နိုင်ငံတကာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုး တိုးတက်မှုတွေကို အထောက်အကူ ပြုနိုင်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ကုလသမဂ္ဂဟာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်း ဆောင်ရွက်နေတဲ့ ကမ္ဘာ့နိုင်ငံ အားလုံးနီးပါး ပါဝင်တဲ့ တစ်ခုတည်းသော အဖွဲ့အစည်း ဖြစ်ပါတယ်။ မကြာမီ နှစ်များကစပြီး ၂၁ ရာစုရဲ့ စိန်ခေါ်မှု များကို တုံ့ပြန် ဖြေရှင်းနိုင်ဖို့ ကုလသမဂ္ဂကို ပိုမို ဒီမိုကရေစီ နည်းကျပြီး ပိုမိုထိရောက်ကာ ပိုမို တာဝန်ခံမှုရှိတဲ့ အဖွဲ့အစည်း ဖြစ်လာဖို့ ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်လျက် ရှိပါတယ်။ ဒါပေမယ့် တိုးတက်မှုဟာ ဝမ်းနည်း ဖွယ်ရာ နှေးကွေးလှ ပါတယ်။

ကုလသမဂ္ဂ အနေနဲ့ ပိုမို ဒီမိုကရေစီ နည်းလမ်းကျစွာ ဆုံးဖြတ်ဆောင်ရွက် နိုင်စေဖို့ နိုင်ငံအားလုံးကို ကိုယ်စားပြုတဲ့ အထွေထွေ ညီလာခံရဲ့ အခန်းကဏ္ဍကို မြှင့်တင်ဖို့ လိုအပ်နေပါတယ်။ လုံခြုံရေးကောင်စီ ပြုပြင် ပြောင်းလဲမှုဟာလည်း အရေးကြီးပါတယ်။ ဒီကိစ္စကို ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ နှစ်ပေါင်းများစွာ ဆွေးနွေး ခဲ့ပေမယ့် တိုးတက်မှု အနည်းငယ်သာ ရရှိပါသေးတယ်။ ခက်ခဲနေတဲ့ လုံခြုံရေး ကောင်စီဝင် တိုးချဲ့ရေး ကိစ္စကို အာရုံစိုက်တဲ့အပြင် အထူးသဖြင့် ပိုမို ပွင့်လင်းမှုရှိပြီး ပိုမိုတာဝန်ယူမှုရှိတဲ့ လုံခြုံရေးကောင်စီ ဖြစ်လာစေဖို့ အတွက် ကောင်စီရဲ့ လုပ်ထုံးလုပ်နည်း များနဲ့ လုပ်ငန်းဆောင်ရွက်ပုံ ဆောင်ရွက်နည်း များကို အပြုသဘော အပြောင်းအလဲများ ပြုလုပ်တာလည်း ကျွန်တော်တို့ တွေ့မြင်လိုပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အစုအပြုံလိုက် သေကျေပျက်စီး စေနိုင်တဲ့ လက်နက်များ၊ အထူးသဖြင့် နျူကလီးယား လက်နက်များ ဆက်လက် ရှိနေတာဟာ လူသားထုကို ကြီးစွာ ခြိမ်းခြောက်မှု ပြုပါတယ်။ နျူကလီးယား လက်နက်များကို လုံးဝ ဖျက်သိမ်းခြင်းဟာ အဲဒီလက်နက်များနဲ့ ခြိမ်းခြောက်ခြင်းနဲ့ အသုံးပြုခြင်း မပြုဖို့ တစ်ခုတည်းသော အကြွင်းမဲ့ အာမခံချက် ဖြစ်တယ်လို့ မြန်မာက ယုံကြည်ပါတယ်။ အဲဒါကြောင့် အဲဒီလက်နက်တွေ လုံးဝ ဖျက်သိမ်းဖို့ ရှေးရှုပြီး နျူကလီးယား ခြိမ်းခြောက်မှုကို တစ်ဆင့်ပြီး တစ်ဆင့် လျှော့ချဖို့ နျူကလီးယား လက်နက် နိုင်ငံများကို ကျွန်တော်တို့က တောင်းဆိုလျက်ရှိပါတယ်။

**အထောက်အကူပြု**

နျူကလီးယား လက်နက်များကို လုံးဝဖျက်သိမ်းခြင်း မပြုလုပ်နိုင်မီမှာ နျူကလီးယား လက်နက်မဲ့ နိုင်ငံများကို လုံခြုံရေး အာမခံချက်များ ပေးနိုင်မယ့် ခြွင်းချက်မထားဘဲ ဥပဒေကြောင်းအရ စည်းနှောင်အား ရှိတဲ့ နိုင်ငံ အားလုံး ပါဝင်သော စာချုပ်စာတမ်းတစ်ရပ် ချုပ်ဆိုနိုင်ဖို့ ကျွန်တော်တို့ ဦးတည်ကြိုးပမ်း ဆောင်ရွက်သင့်ကြ ပါတယ်။ သက်ဆိုင်ရာ ဒေသတွေမှာ နိုင်ငံတွေ အကြား လွတ်လပ်စွာ ဆုံးဖြတ် ဆောင်ရွက်တဲ့ နျူကလီးယား လက်နက်မဲ့ ဇုန်တွေ တည်ထောင်တာကို ကျွန်တော်တို့ ထောက်ခံပါတယ်။ နျူကလီးယား လက်နက်မဲ့ ဇုန်တွေ ဟာ ဒေသတွင်းနဲ့ ကမ္ဘာ့ လုံခြုံရေးကို တိုးမြှင့်စေပြီး နျူကလီးယား လက်နက် ဖျက်သိမ်းရေး ရည်မှန်းချက် များကို ရရှိစေဖို့လည်း အထောက်အကူ ပြုပါတယ်။

အဏုမြူ စွမ်းအင်ကို ကိုယ့်ကိုယ်ကို ဖျက်ဆီးမယ့် အရာ မဖြစ်စေဘဲ လူသားထုကို အကျိုးပြုတဲ့ ကိရိယာသာ ဖြစ်စေဖို့ ကမ္ဘာ့နိုင်ငံ အားလုံးက အတူတကွ ဆက်လက် ဆောင်ရွက် ကြမယ်လို့ ကျွန်တော်တို့က မျှော်လင့်ချက် ထားရှိပါတယ်။ တစ်ချိန်တည်း မှာပဲ နိုင်ငံတိုင်းဟာ နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းသော ကိစ္စများ အတွက် အသုံးပြုခွင့် ရှိရပါမယ်။ နျူကလီးယား နည်းပညာများ ကို စားနပ်ရိက္ခာနဲ့ လယ်ယာ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ စက်မှုလုပ်ငန်း နဲ့ သိပ္ပံပညာ စတဲ့ နယ်ပယ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု နိုင်ပါတယ်။ နျူကလီးယား မပြန့်ပွားရေး စာချုပ်ကို ထိရောက်စွာ အကောင်အထည် ဖော်စေဖို့အတွက် အပြည်ပြည် ဆိုင်ရာ နျူကလီးယား မပြန့်ပွားရေး ကို ဆက်လက် ထိန်းသိမ်းပြီး ပိုမို ခိုင်မာစေရမယ် လို့ လွန်ခဲ့တဲ့ အပတ်က ကျင်းပခဲ့တဲ့ လုံခြုံရေး ကောင်စီ ထိပ်သီး ဆွေးနွေးပွဲက ထပ်လောင်း အတည်ပြုတာကို ကျွန်တော်တို့ ကြိုဆိုပါတယ်။

**သဘာပတိကြီးခင်ဗျား-**

**အင်အားကြီး နိုင်ငံ အချို့ဟာ ဖွံ့ဖြိုးဆဲ နိုင်ငံများ အပေါ်မှာ ဖိအားပေးဖို့ အတွက် စီးပွားရေးအရ ကန့်သတ် ပိတ်ဆို့မှုများ ပြုလုပ်ကြ ပါတယ်။ သူတို့ရဲ့ ဦးတည်ချက် ကတော့ အဲဒီ နိုင်ငံတွေရဲ့ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှု တို့ နောက်ခံများကို ထည့်သွင်း မစဉ်းစားဘဲ နိုင်ငံရေးနဲ့ စီးပွားရေး စနစ်တွေ အပေါ် ဩဇာ လွှမ်းမိုးဖို့ ဖြစ်ပါတယ်။ ကန့်သတ် ပိတ်ဆို့မှု များဟာ ပြည်သူလူထုရဲ့ စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုး တိုးတက်မှုများကို အဟန့်အတား ဖြစ်စေသည် သာမက၊ ပြည်တွင်း စီရင်ပိုင်ခွင့် အတွင်း ကျရောက်တဲ့ ကိစ္စများမှာပါ ဝင်ရောက် စွက်ဖက်တဲ့ အတွက် ကိုယ်ကျင့်တရား အခြေခံ ကင်းမဲ့ပါတယ်။ ကန့်သတ် ပိတ်ဆို့မှုတွေဟာ လူတန်းစား အလွှာစုံ အပေါ် ခွဲခြားမှု မပြုဘဲ ထိခိုက် နစ်နာစေတဲ့ အပြင် အကြမ်းဖက် ဖိအားပေးတဲ့ အသွင်လည်း ဆောင်နေပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ မြှင့်တင်ရေး အတွက် ဆောင်ရွက်ရာမှာ စီးပွားရေး ကန့်သတ် ပိတ်ဆို့မှု များကို လက်နက် တစ်ခုအဖြစ် အသုံးပြုခြင်းဟာ တရားနည်းလမ်း ကျခြင်း မရှိပါ။ မြန်မာနိုင်ငံ**

အပေါ်မှာလည်း စီးပွားရေး ကန့်သတ် ပိတ်ဆို့မှု များကို နိုင်ငံရေး ဖိအားပေးရန် အတွက် လက်နက်သဖွယ် အသုံးချ နေတာ ရှိပါတယ်။ အဲဒီလို လုပ်ရပ်တွေဟာ တရားမျှတမှု မရှိဘူးလို့ ကျွန်တော်တို့ အနေနဲ့ မှတ်ယူပါတယ်။ အဲဒီ လုပ်ရပ်တွေကို ရပ်တန့်သင့်ပြီ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

စားနပ်ရိက္ခာဖူလုံ

မြန်မာနိုင်ငံဟာ စျေးကွက် စီးပွားရေး စနစ်ကို ဖော်ဆောင်နေတဲ့ စိုက်ပျိုးရေးအခြေခံနိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စားနပ်ရိက္ခာ ဖူလုံမှုရှိပြီး ဒေသအတွင်း စားနပ်ရိက္ခာ လုံခြုံမှုကို အထောက်အကူ ပြုနိုင်စွမ်း ရှိပါတယ်။ နိုင်ငံတော် အစိုးရနဲ့ ပြည်သူတွေရဲ့ ပူးတွဲကြိုးပမ်း ဆောင်ရွက်မှုများရဲ့ အကျိုးကျေးဇူး ကြောင့် လူမှုစီးပွားရေး အခြေအနေများ အထိုက်အလျောက် တိုးတက်မှု ရရှိနေပါတယ်။ စီးပွားရေး ကန့်သတ် ပိတ်ဆို့မှုများ မရှိပါက ဒီထက်မက တိုးတက် အောင်မြင်မှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

၂၀၀၈ ခုနှစ် မေလမှာ နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီး နောက် ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးနဲ့ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ဖို့ ကုလသမဂ္ဂ၊ အာဆီယံနဲ့ မြန်မာနိုင်ငံ အစိုးရ တို့ပါဝင်တဲ့ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ဖွဲ့စည်းခဲ့ပါတယ်။ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ရဲ့ အောင်မြင်မှုကို နိုင်ငံတကာ အသိုက်အဝန်းက အသိအမှတ် ပြုပြီး အနာဂတ်မှာ ဘေးအန္တရာယ် ကျရောက်တဲ့ အခါ စံနမူနာယူစရာ တုံ့ပြန်ဆောင်ရွက်မှု ယန္တရား တစ်ရပ် အဖြစ်လည်း အသိအမှတ် ပြုခံရ ပါတယ်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကာလအတွက် နာဂစ် မုန်တိုင်းလွန် ပြန်လည် ထူထောင်ရေးနဲ့ ကြိုတင် ပြင်ဆင်ရေး စီမံကိန်း (PONREPP) ကို ချမှတ်ခဲ့ ပါတယ်။ အနာဂတ် ကာလမှာ အလားတူ သဘာဝ ဘေးအန္တရာယ်များ ကျရောက်လျှင် ထိရောက်စွာ တုံ့ပြန်နိုင်ဖို့ နောက်ထပ် စီမံကိန်းများ ကိုလည်း ချမှတ်ထားပါတယ်။ အဲဒီစီမံကိန်းများ ထိရောက် အောင်မြင်အောင် ကျွန်တော်တို့ အားသွန်ခွန်စိုက် ဆောင်ရွက် သွားမှာပဲ ဖြစ်ပါတယ်။

နာဂစ် မုန်တိုင်းလွန် ပြန်လည် ထူထောင်ရေးနဲ့ ကြိုတင် ပြင်ဆင်ရေး စီမံကိန်းဟာ လာမယ့် သုံးနှစ်တာ ကာလ အတွက် အမေရိကန် ဒေါ်လာ ၆၉၁ သန်း လိုအပ်မှာ ဖြစ်ပါတယ်။ ယနေ့အထိ အဲဒီ ငွေပမာဏရဲ့ ထက်ဝက် မျှသာ နိုင်ငံတကာ အသိုက်အဝန်းက ထည့်ဝင်ဖို့ ကတိကဝတ် ပြုထားပါတယ်။ ကျွန်တော်တို့ အနေနဲ့ ပြန်လည် ထူထောင်ရေး လုပ်ငန်း အများအပြားကို ကိုယ့်မှာရှိတဲ့ ငွေကြေးနဲ့ အရင်းအမြစ်များ အပေါ် အားထား ဆောင်ရွက် နေပါတယ်။ အကယ်၍ အလှူရှင်များက ၎င်းတို့ရဲ့ ကတိကဝတ်များ အတိုင်း ဖြည့်ဆည်း ကြမယ် ဆိုရင် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ပိုမိုလျင်မြန် ထိရောက်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အစိုးရနဲ့

**မုန်တိုင်းဒဏ်ခံ ဒေသများမှ ပြည်သူတွေဟာ သူတို့ အကူအညီ လိုတဲ့ အချိန်မှာ စေတနာ ထက်သန်စွာ ကူညီ ပေးခဲ့ကြတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ နိုင်ငံတကာ အသိုက်အဝန်း တစ်ခုလုံးကို အမြဲ ကျေးဇူးတင် နေမှာ ဖြစ်ကြောင်း ပြောကြား လိုပါတယ်။**

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံ တည်ငြိမ် အေးချမ်းရေးနဲ့ ဒီမိုကရေစီ နည်းကျတဲ့ ရွေးကောက်ပွဲ များကို အောင်မြင်စွာ ကျင်းပနိုင်ရေး တို့ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင် ကူးပြောင်းရေး အတွက် လိုအပ်ချက်များ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ကို ၂၀၀၈ခုနှစ် မေလမှာ ပြုလုပ်တဲ့ ပြည်သူ့ဆန္ဒ ခံယူပွဲမှာ မဲပေးခွင့်ရှိသူ အားလုံးရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ရဲ့ ထောက်ခံမှုနဲ့ အတည်ပြုခဲ့ပြီး ဖြစ်တာ အားလုံးအသိ ဖြစ်ပါတယ်။ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲ ကို လာမယ့်နှစ်မှာ ကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီနောက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ နဲ့အညီ လွှတ်တော် ကျင်းပပြီး အစိုးရ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြည်ထောင်စု လွှတ်တော်မှာ လွှတ်တော် နှစ်ရပ် ရှိပါမယ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အသစ်မှာ သမ္မတ ဦးဆောင်သည့် အုပ်ချုပ်မှု စနစ်ကို ပြဋ္ဌာန်း ထားပါတယ်။ နိုင်ငံတော် သမ္မတကို သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ဖြင့် ရွေးချယ် တင်မြှောက် ပါမယ်။ နိုင်ငံတော်မှာ ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး ခုနစ်ခု၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသငါးခုနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုတို့ ရှိမှာ ဖြစ်ပါတယ်။ မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို ပြည်ထောင်စု နယ်မြေ အဖြစ် သတ်မှတ်ပါမယ်။ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ အရ ပြည်နယ်နဲ့ တိုင်း ဥပဒေပြု အဖွဲ့အစည်း ၁၄ခုလည်း ရှိပါမယ်။

ဖြည့်ဆည်းပေးနိုင်

**ဒီမိုကရေစီ စနစ်ကို အသွင် ကူးပြောင်းဖို့ ကျွန်တော်တို့ ဆက်လက် ဆောင်ရွက် နေပါတယ်။ ကျွန်တော်တို့ဟာ တစ်ဦး တစ်ယောက်၊ တစ်ဖွဲ့၊ တစ်ပါတီရဲ့ ကျဉ်းမြောင်းတဲ့ အကျိုးစီးပွား အတွက် အလေးထားမှာ မဟုတ်ပါဘူး။ နိုင်ငံတစ်ခုလုံး အတွက် တိုင်းရင်းသား ပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို အလေးထားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ သဘောထား တိုက်ဆိုင်သူ ဖြစ်စေ၊ မတိုက်ဆိုင်သူ ဖြစ်စေ ဒီမိုကရေစီ ပန်းတိုင်ကို မျက်ခြည် မပြတ်ကြစေဘဲ အင်တိုက် အားတိုက် ပါဝင်ကြဖို့ နိုင်ငံသား အားလုံးကို ကျွန်တော်တို့ တိုက်တွန်း ထားပါတယ်။ ဒီလို နည်းနဲ့သာ ပြည်သူလူထုရဲ့ မျှော်မှန်းချက် များကို ဖြည့်ဆည်း ပေးနိုင်မှာ ဖြစ်ပါတယ်။**

နိုင်ငံတော် အစိုးရ အနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပဖို့ စနစ်တကျ ဆောင်ရွက်လျက် ရှိပါတယ်။ ပါတီများ ဖွဲ့စည်းနိုင်ဖို့နဲ့ ရွေးကောက်ပွဲ ဝင်နိုင်ဖို့ အတွက် ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။ ၂၀၀၉ခုနှစ် စက်တင်ဘာလ

**၁၇ရက်နေ့က အကျဉ်းသား ၇၁၁၄ ယောက်ကို ကောင်းစွာ နေထိုင်တဲ့ အတွက် လွှတ်ပေးခဲ့ပါတယ်။ သူတို့လည်း နောက်နှစ် ရွေးကောက်ပွဲမှာ ဥပဒေနဲ့အညီ ပါဝင်နိုင်မှာ ဖြစ်ပါတယ်။**

**ပါတီစုံ ရွေးကောက်ပွဲဟာ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ကာ ဒီမိုကရေစီ ထွန်းကားတဲ့ အနာဂတ် မြန်မာနိုင်ငံ တည်ဆောက်ရေး အတွက် အရေးကြီးတဲ့ ခြေလှမ်း ဖြစ်ပါတယ်။ ဒီမိုကရေစီကို ပြည်ပက ချမှတ်စေလို့ မရဘဲ မြန်မာနိုင်ငံနဲ့ သင့်တော်တဲ့ စနစ်ဟာ မြန်မာ့လူ့ဘောင် အဖွဲ့အစည်း အတွင်းကသာ ပေါက်ဖွား လာနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားများကသာ သူတို့ရဲ့ အနာဂတ်ကို အကောင်းဆုံး ဆုံးဖြတ် သတ်မှတ် ပေးနိုင်ကြသူများ ဖြစ်ပါတယ်။ သူတို့ကသာ ဒီမိုကရေစီရဲ့ အားနည်းချက်များနဲ့ အားသာချက် များကို သုံးသပ်ပြီး လိုအပ်သလို ပြုပြင်သွားနိုင် ကြသူများ ဖြစ်ပါတယ်။**

နိုင်ငံတကာ အသိုက်အဝန်း အနေနဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်မှာ ပြဋ္ဌာန်းတဲ့ တရား မျှတခြင်း၊ လွတ်လပ်ခြင်း နဲ့ ညီမျှခြင်း ဆိုတဲ့ မူများအပေါ် အခြေပြုတဲ့ နိုင်ငံတော် အသစ် ပေါ်ထွန်းလာမှာကို နားလည်မှု ပြသခြင်းဖြင့် အကောင်းဆုံး အကူအညီ ပေးနိုင်ကြ ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

လာမယ့် နှစ်တွေမှာ နိုင်ငံအားလုံး အလေးထား ဖြေရှင်း ဆောင်ရွက်ရမယ့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စတွေဟာ ပိုမို များပြားလာမှာ ဖြစ်ပါတယ်။ ဒီ စိန်ခေါ်မှု တွေကို ကျော်လွှားနိုင်ဖို့ နိုင်ငံအားလုံးရဲ့ ခိုင်မာတဲ့ နိုင်ငံရေး ဆန္ဒနဲ့ သန္နိဋ္ဌာန် လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အရင် မိန့်ခွန်း ပြောကြားကြ သူများက ပြဿနာများနဲ့ စိန်ခေါ်မှုများ အတွက် အဖြေများ ရှာဖွေရာမှာ စုပေါင်း ဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့ကြ ပါတယ်။ ကျွန်တော့် အနေနဲ့ သူတို့ရဲ့ သဘောထား အမြင်များကို သဘော တူပါကြောင်းနဲ့ မြန်မာနိုင်ငံ အနေနဲ့ ကိုယ့်ကဏ္ဍကို ကိုယ်ကျေပွန်စွာ ထမ်းဆောင်မယ် ဖြစ်ကြောင်း အတည်ပြုပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

(၂၀၀၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှ ကောက်နုတ်ဖော်ပြသည်။)